ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

## ပထမပုဂ္ဂလိကဘဏ်လီမိတက်(၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်ဝက်နှင့် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်ဝက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့သည် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်ဝက် နှင့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်ဝက် ပြင်ပစာရင်းစစ် စစ်ဆေးပြီးသောဘဏ္ဍာရေး စာရင်းရှင်းတမ်းများကို သိရှိ လေ့လာနိုင်ရန် တင်ပြအပ်ပါသည်။ ယခု တင်ပြချက်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေး နှစ်ဝက် (၂၀၂၅ ခုနှစ်၊ ဧပြီလ မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလထိ ) ရှိ ပြင်ပစာရင်းစစ် စစ်ဆေးပြီးသော ဘဏ္ဍာရေး စာရင်းရှင်းတမ်းများ နှင့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် (၂၀၂၄ ခုနှစ်၊ ဧပြီလ မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလထိ) ရှိ ပြင်ပစာရင်းစစ် စစ်ဆေးပြီးသော ဘဏ္ဍာရေးစာရင်းရှင်းတမ်းများနှင့်အတူ ဘဏ်၏ အရှုံး-အမြတ် အခြေအနေများကို နှိုင်းယှဉ်တင်ပြထားပါသည်။

ညွှန်ကြားချက်အရ

အမှုဆောင်အရာရှိချုပ်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

## နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၂၅-၂၀၂၆) ပထမဘဏ္ဍာရေးနှစ်ဝက် (ဧပြီလမှ စက်တင်ဘာလအထိ) အတွက် ပြင်ပစာရင်းစစ် စစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ဘဏ်၏စီမံခန့်ခွဲရေးအဖွဲ့မှ အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဘဏ်နှင့်ဆက်သွယ်သူများ လေ့လာသိရှိနိုင်ရန်အတွက် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်။

### (၂၀၂၅-၂၀၂၆)ပထမဘဏ္ဍာရေးနှစ်ဝက်(ဧပြီလမှစက်တင်ဘာလအထိ)ဝင်ငွေနှင့်အသုံးစရိတ်ရှင်းတမ်းရှင်းလင်းချက်

### ၁။ ဝင်ငွေနှင့်အသုံးစရိတ်စာရင်း (Statement of Comprehensive Income)

#### (က) အတိုးဝင်ငွေများ (Interest Income)

(၂၀၂၅-၂၀၂၆) ပထမဘဏ္ဍာရေးနှစ်ဝက်တွင် ဘဏ်၏အဓိကဝင်ငွေဖြစ်သော အတိုးဝင်ငွေ (Interest Income) မှာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ချေးငွေအတိုးဝင်ငွေပမာဏမှာ ကျပ် ၄,၈၂၆.၂၃ သန်း (၅၀.၇၈) ရာခိုင်နှုန်း တိုးလာပါသည်။ အဓိက တိုးလာသည့်အကြောင်းမှာ ဘဏ်ချေးငွေရယူထားသူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာနိုင်သောကြောင့် အတိုးဝင်ငွေများ မှန်မှန်ကန်ကန်ရရှိသည့်အပြင် ချေးငွေအသစ်များ ထပ်မံထုတ်ချေးနိုင်ခဲ့သည့်အတွက်ဖြစ်ပါသည်။ ထို့အပြင် ချေးငွေကြွေးကျန်အချို့ကိုလည်း ပြန်လည်ကောက်ခံရရှိသောကြောင့်ဖြစ်ပါသည်။

#### (ခ) အခြားဝင်ငွေများ(Other Income)

(၂၀၂၅-၂၀၂၆) ပထမဘဏ္ဍာရေးနှစ်ဝက်တွင် အတိုးဝင်ငွေအပြင် ကော်မရှင်ဝင်ငွေနှင့် အခကြေးငွေများဖြစ်သည့် ဝန်ဆောင်ခရငွေများ၊ မီးအာမခံကော်မရှင်၊ ငွေလွှဲလုပ်ငန်းရငွေနှင့်စသည့်ဝင်ငွေများမှာ ယခင်နှစ်အလားတူကာလထက် ငွေပမာဏ ကျပ် ၅၆၉.၁၆ သန်း၊ (၆၃.၀၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အခြားဝင်ငွေမှာမူ ယခင်နှစ် အလားတူကာလထက် ငွေပမာဏကျပ် ၃,၈၇၆.၃၇ သန်း၊ (၄၃.၁၄) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ လျော့နည်းခဲ့ရသည့် အဓိက အကြောင်းမှာ ယခင်နှစ် အလားတူကာလတွင် ဘဏ်မှ ဝယ်ယူထားသည့် မြေကွက်အား ပြန်လည်ရောင်းချသည့်ပမာဏကျပ်သန်း (၈,၉၈၅.၇၆) ပါဝင်ခဲ့သောကြောင့်ဖြစ်ပါသည်။

(ကျပ်သန်း)

| အကြောင်းအရာ | ၁.၄.၂၀၂၅ မှ ၃၀.၉.၂၀၂၅ | ၁.၄.၂၀၂၄မှ ၃၀.၉.၂၀၂၄ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| အတိုးဝင်ငွေ | ၁၄,၃၃၀.၇၆ | ၉,၅၀၄.၅၂ | ၄,၈၂၆.၃၃ | ၅၀.၇၈% |
| ဝန်ဆောင်ခနှင့်ကော်မရှင်ဝင်ငွေ | ၁,၄၇၂.၁၉ | ၉၀၃.၀၃ | ၅၆၉.၁၆ | ၆၃.၀၃% |
| အခြားဝင်ငွေ | ၅,၁၀၉.၃၈ | ၈,၉၈၅.၇၆ | (၃,၈၇၆.၃၇) | (၄၃.၁၄%) |

(ဂ) <u>အပ်ငွေပေါ်ပေးရသော အတိုးစရိတ်များ (Interest Expenses)</u>

ဘဏ်အပ်ငွေများအပေါ်ပေးသော အတိုးစရိတ်များ (Interest Expenses) မှာလည်း ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် (၇၉.၈၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ယင်းသို့ တိုးတက်ရခြင်းမှာ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့မှ ဘဏ်အပ်ငွေများကို ပိုမိုရရှိရန် ကြိုးစားဆောင်ရွက်နေသည့်အတွက် (၂၀၂၅-၂၀၂၆) ပထမဘဏ္ဍာရေးနှစ်ဝက်တွင် ဘဏ်အပ်ငွေပမာဏ ကျပ် ၄၀,၄၂၁.၁၂ သန်း၊ (၂၂.၃၇) ရာခိုင်နှုန်း တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

(ဃ) <u>စီမံခန့်ခွဲမှုစရိတ်များ (Operating Expenses)</u>

(၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွက် အသုံးစရိတ် (Operating Expenses) အပိုင်းတွင် ဝန်ထမ်းစရိတ်များ (Personnel Expenses) ကို (၁၉.၃၇) ရာခိုင်နှုန်း၊ အထွေထွေ စီမံခန့်ခွဲမှုစရိတ် (General & Administrative Expenses) များကို (၂၂၅.၂၉) ရာခိုင်နှုန်း ပိုမိုသုံးစွဲခဲ့ပါသည်။ အထွေထွေနှင့် စီမံခန့်ခွဲမှုစရိတ် (General & Administrative Expenses) တိုးမြင့်လာခြင်းမှာ လုံခြုံရေးကောင်းမွန်မှုမရှိသည့်ဒေသများမှ ပြန်လည်ကောက်ခံ၍မရရှိသည့်ချေးငွေများအား စာရင်းပယ်ဖျက်မှု ကျပ်သန်း ၂,၈၆၉.၁၃၊ မန္တလေးမြို့တွင် ငှားရမ်းထားသောဘဏ်ခွဲသစ် လျောင်ထိခိုက်မှု စာရင်းပယ်ဖျက်ခြင်း ကျပ် ၃၄.၆၈သန်း၊ 2% General Provision ကျပ် ၁၅၃.၂၉သန်း၊ Digital Transformation အတွက် တိုးမြှင့်သုံးစွဲခဲ့ရသည့် Data Processing Expenses ကျပ် ၂၉၆.၆၈ သန်းနှင့် တန်ဖိုးလျော့နှင့်အထွေထွေ ကျပ် ၁၉၈.၃၂ သန်းတို့ ပိုမို သုံးစွဲခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။

(ကျပ်သန်း)

| အကြောင်းအရာ | ၁.၄.၂၀၂၅ မှ ၃၀.၉.၂၀၂၅ | ၁.၄.၂၀၂၄ မှ ၃၀.၉.၂၀၂၄ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| အပ်ငွေပမာဏ | ၂၂၁,၁၁၅.၀၆ | ၁၈၀,၆၉၃.၉၄ | ၄၀,၄၂၁.၁၂ | ၂၂.၃၇% |
| အပ်ငွေပေါ်ပေးရမည့်အတိုး | ၇,၇၄၆.၀၂ | ၄,၃၀၇.၀၆ | ၃,၄၃၈.၉၆ | ၇၉.၈၄% |

| | | | | |
|---|---|---|---|---|
| လစာနှင့်စရိတ်များ | ၂,၂၅၀.၈၀ | ၁,၈၈၅.၅၃ | ၃၆၅.၂၇ | ၁၉.၃၇% |
| အထွေထွေစီမံခန့်ခွဲမှုစရိတ်များ | ၅,၃၁၆.၉၆ | ၁,၇၆၄.၈၆ | ၃,၅၅၂.၁၀ | ၂၀၁.၂၇% |

၂။ <u>ဘဏ္ဍာရေးအခြေအနေရှင်းတမ်း (Statement of Financial Position)</u>

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၃၀-၉-၂၀၂၅) ရက်နေ့ရှိ (၂၀၂၅-၂၀၂၆) ပထမဘဏ္ဍာရေး နှစ်ဝက်အခြေအနေ ရှင်းတမ်း (Statement of Financial Position as at 30 September 2025) အပေါ် ဘဏ်စီမံခန့်ခွဲမှုအဖွဲ့မှ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) <u>ရရန်ပိုင်ခွင့်များ(Assets)</u>

(၂၀၂၅-၂၀၂၆) ပထမဘဏ္ဍာရေးနှစ်ဝက် (၃၀-၉-၂၀၂၅) နေ့ရှိ ဘဏ်၏ ငွေသားနှင့် ငွေသား ကဲ့သို့ တန်ဖိုးတူရပိုင်ခွင့်များ (Cash & Cash equivalents) မှာ ယခင် ဘဏ္ဍာရေးနှစ် အလား တူကာလကထက် (၁၃.၂၀) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ချေးငွေနှင့် ရရန်ရှိများ (Loans and receivables) မှာ ယခင်နှစ်အလားတူကာလထက် (၁၈.၁၈) ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။ စုစုပေါင်းရရန်ပိုင်ခွင့် (Total Assets) များမှာ (၃၀-၉-၂၀၂၅) နေ့တွင် ကျပ် ၃၂၆,၅၉၅.၂၄သန်းရှိရာ ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် ကျပ် ၄၃,၄၄၀.၉၃သန်း၊ (၁၅.၃၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

(ခ) <u>အစုရှင်များ၏ပိုင်ဆိုင်ခွင့်(Equity)</u>

အစုရှင်များ၏ပိုင်ဆိုင်ခွင့် (Equity) တွင် ဥပဒေအရ လျာထားသီးသန့်ရန်ပုံငွေ (Statutory reserve) မှာ ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် (၁၅.၇၂) ရာခိုင်နှုန်း ပိုမို တိုးမြင့် လာ ခဲ့ပါသည်။ မခွဲဝေရသေးသည့် အမြတ်လက်ကျန် (Retained Earning) မှာ (၃၀-၉-၂၀၂၅) နေ့တွင် ကျပ် ၁၈,၂၀၃.၄၉ သန်းရှိရာ ယခင်နှစ် အလားတူကာလထက် ကျပ် ၈,၉၈၂.၁၃ သန်း၊ (၉၇.၄၁) ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

(ကျပ်သန်း)

| အကြောင်းအရာ | ၁.၄.၂၀၂၅ မှ ၃၀.၉.၂၀၂၅ | ၁.၄.၂၀၂၄ မှ ၃၀.၉.၂၀၂၄ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က)ငွေသားနှင့်ငွေသားကဲ့သို့ ရပိုင်ခွင့်များ | ၉၃,၅၀၆.၀၅ | ၈၂,၆၀၃.၄၉ | ၁၀,၉၀၂.၅၆ | ၁၃.၂၀% |
| Loan & Advance | ၁၇၀,၆၂၆.၇၅ | ၁၄၄,၃၇၇.၀၆ | ၂၆,၂၄၉.၆၉ | ၁၈.၁၈% |
| Total Assets | ၃၂၆,၅၉၅.၂၄ | ၂၈၃,၁၅၄.၃၂ | ၄၃,၄၄၀.၉၃ | ၁၅.၃၄% |
| (ခ) Statutory Reserve | ၂၂,၀၃၇.၃၉ | ၁၉,၀၄၃.၃၅ | ၂,၉၉၄.၀၄ | ၁၅.၇၂% |
| Retained Earning | ၁၈,၂၀၃.၄၉ | ၉,၂၂၁.၃၆ | ၈,၉၈၂.၁၃ | ၉၇.၄၁% |

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၏ ပထမနှစ်ဝက် (၆) လကာလတွင် ပထမပုဂ္ဂလိကဘဏ်အနေဖြင့် ချမှတ်ထားသည့် Business Plan 2025-2026 ပါ Target များနှင့်အညီ အပ်ငွေ၊ ချေးငွေများကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်လုပ်ငန်းများကိုဝန်ဆောင်မှုပေးရာတွင် Corporate Governance စံနှုန်းများနှင့် ကိုက်ညီစေရန်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်၏ဝန်ဆောင်မှုအရည်အသွေးများ တိုးတက်လာစေရန်အတွက် ဝန်ထမ်းများကို ဘဏ်လုပ်ငန်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်သည့်ချေးငွေ (NPL) ကျဆင်းရေးကိုလည်း စီမံချက်ရေးဆွဲ၍ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ နှစ်စတွင် NPL (၉.၀၉%) ရှိခဲ့ရာမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေး နှစ်ပထမနှစ်ဝက်အကုန် (၃၀-၉-၂၀၂၅) နေ့တွင် NPL (၄.၄၁%) သို့ ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပထမပုဂ္ဂလိကဘဏ်သည် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ နှစ်ကုန်တွင် Business Plan အရသတ်မှတ်ထားသည့် အပ်ငွေ၊ ချေးငွေ Target များ ပြည့်မီကျော်လွန်ရရှိစေရေးနှင့် အမြတ်တိုးတက်ရရှိစေရေးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ညွှန်ကြားချက်အရ



အမှုဆောင်အရာရှိချုပ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

## ပထမပုဂ္ဂလိကဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

## (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

### ကြားဖြတ်အကျဉ်းချုပ် ငွေရေးကြေးရေးအခြေအနေပြရှင်းတမ်း (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ)

| | ၃၀.၀၉.၂၀၂၅ (ကျပ်သန်း) | ၃၀.၀၉.၂၀၂၄ (ကျပ်သန်း) | ပြောင်းလဲမှု (%) |
|---|---|---|---|
| အတိုး ဝင်ငွေ | ၁၄,၃၃၀.၇၆ | ၉,၅၀၄.၅၂ | ၅၀.၇၈% |
| အတိုးစရိတ် | (၇,၇၄၆.၀၂) | (၄,၃၀၇.၀၆) | ၇၉.၈၄% |
| အသားတင် အတိုးဝင်ငွေ | ၆,၅၈၄.၇၄ | ၅,၁၉၇.၄၆ | ၂၆.၆၉% |
| ဝန်ဆောင်ခနှင့် ကော်မရှင်ဝင်ငွေ | ၁,၄၇၂.၁၉ | ၉၀၃.၀၃ | ၆၃.၀၃% |
| အခြားဝင်ငွေများ | ၅,၁၀၉.၃၈ | ၈,၉၈၅.၇၅ | -၄၃.၁၄% |
| အတိုးဝင်ငွေမဟုတ်သော အခြားဝင်ငွေစုစုပေါင်း | ၆,၅၈၁.၅၇ | ၉,၈၈၈.၇၈ | -၃၃.၄၄% |
| လုပ်ငန်းလည်ပတ်မှုမှရရှိသော ဝင်ငွေစုစုပေါင်း | ၁၃,၁၆၆.၃၁ | ၁၅,၀၈၆.၂၄ | -၁၂.၇၃% |
| ဝန်ထမ်းရေးရာ ကုန်ကျစရိတ်များ (လစာနှင့် ခံစားခွင့်များ) | (၂,၂၅၀.၈၀) | (၁,၈၈၅.၅၃) | ၁၉.၃၇% |
| ဝန်ဆောင်ခနှင့် အထွေထွေစီမံခန့်ခွဲမှု ကုန်ကျစရိတ်များ | (၅,၃၁၆.၉၆) | (၁,၇၆၄.၈၆) | ၂၀၁.၂၇% |
| လုပ်ငန်းလည်ပတ်မှု အသုံးစရိတ်စုစုပေါင်း | (၇,၅၆၇.၇၆) | (၃,၆၅၀.၃၉) | ၁၀၇.၃၀% |
| ဝင်ငွေခွန်မဆောင်မီ အမြတ် | ၅,၅၉၈.၅၅ | ၁၁,၄၃၅.၈၅ | -၅၁.၀၄% |

(ဘဏ္ဍာရေးအရာရှိချုပ်)

( ဒုတိယအမှုဆောင်အရာရှိချုပ်)

( အမှုဆောင်အရာရှိချုပ်)

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

## ပထမပုဂ္ဂလိကဘဏ် အများပိုင်ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

ကြားဖြတ်အကျဉ်းချုပ်ငွေရေးကြေးရေးအခြေအနေပြရှင်းတမ်း (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၃၀ရက်နေ့အထိ)

| | ၃၀.၀၉.၂၀၂၅<br>(ကျပ်သန်း) | ၃၀.၀၉.၂၀၂၄<br>(ကျပ်သန်း) |
|---|---|---|
| **ရပိုင်ခွင့်များ (Assets)** | | |
| လက်ငင်းငွေသားနှင့် ဗဟိုဘဏ်ရှိ လက်ကျန်ငွေ | ၆၇,၈၉၈.၇၄ | ၂၈,၈၇၂.၁၀ |
| အစိုးရငွေတိုက်စာချုပ်များ | ၃၆,၀၀၀.၀၀ | ၂၉,၀၀၀.၀၀ |
| အခြားဘဏ်များမှ ရရန်ရှိငွေများ | ၂၅,၆၀၇.၃၂ | ၅၃,၇၃၁.၃၉ |
| ထုတ်ချေးထားသော ချေးငွေ | ၁၇၀,၆၂၆.၇၅ | ၁၄၄,၃၇၇.၀၆ |
| မြေ၊ အဆောက်အအုံနှင့် စက်ပစ္စည်းများ | ၁၄,၃၉၃.၈၂ | ၁၂,၂၅၉.၉၈ |
| အခြားရင်းနှီးမြှုပ်နှံမှုများ | ၂၀၁.၃၀ | ၂၀၁.၃၀ |
| အခြားရပိုင်ခွင့်များ | ၁၁,၈၆၇.၃၂ | ၁၄,၇၁၂.၄၉ |
| **စုစုပေါင်း ရပိုင်ခွင့်များ** | ၃၂၆,၅၉၅.၂၄ | ၂၈၃,၁၅၄.၃၂ |
| | | |
| **ပေးရန်တာဝန်နှင့် မတည်ရင်းနှီးငွေ (Equity and Liabilities)** | | |
| **ပေးရန်တာဝန်** | | |
| အပ်နှံငွေများ | ၂၁၁,၀၅၇.၀၂ | ၁၈၀,၆၃၅.၉၂ |
| အခြားဘဏ်များမှအပ်နှံငွေများ | ၁၀,၀၅၈.၀၃ | ၅၈.၀၂ |
| အခြားပေးရန်တာဝန်များ | ၁၄,၅၃၇.၀၃ | ၁၇,၆၅၆.၂၃ |
| **စုစုပေါင်း ပေးရန်တာဝန်များ** | ၂၃၅,၆၅၂.၀၉ | ၁၉၈,၃၅၀.၁၇ |
| **Acceptance,Endorsement& Guarantee** | ၃,၆၁၂.၄၉ | ၃,၁၁၂.၇၁ |
| **စုစုပေါင်းအစုရှယ်ယာရှင်ပိုင်ဆိုင်မှု (Total Equity)** | | |
| မတည်ရင်းနှီးငွေ | ၂၉,၆၆၄.၆၁ | ၂၉,၆၆၄.၆၁ |
| ရှယ်ယာအပိုကြေး | ၁၁,၈၄၅.၈၈ | ၁၁,၈၄၅.၈၈ |
| ပြဋ္ဌာန်းထားသော သီးသန့်ရန်ပုံငွေ | ၂၂,၀၃၇.၃၉ | ၁၉,၀၄၃.၃၅ |
| မခွဲဝေရသေးသော အမြတ် | ၁၈,၂၀၃.၄၉ | ၉,၂၂၁.၃၆ |
| အသုံးစရိတ်ထက်ပိုသောဝင်ငွေ | ၅,၅၉၈.၅၅ | ၁၁,၄၃၅.၈၆ |
| အခြားလျာထားမှု | ၃,၅၉၃.၀၈ | ၃,၅၉၃.၀၈ |
| **စုစုပေါင်းအစုရှယ်ယာရှင်ပိုင်ဆိုင်မှု (Total Equity)** | ၉၀,၉၄၃.၀၀ | ၈၄,၈၀၄.၁၄ |
| **စုစုပေါင်းပေးရန်တာဝန်နှင့် မတည်ရင်းနှီးငွေ** | ၃၂၆,၅၉၅.၀၉ | ၂၈၃,၁၅၄.၃၂ |
| **Acceptance,Endorsement& Guarantee** | ၃,၆၁၂.၄၉ | ၃,၁၁၂.၇၁ |

(ဘဏ္ဍာရေးအရာရှိချုပ်)　　( ဒုတိယအမှုဆောင်အရာရှိချုပ်)　　( အမှုဆောင်အရာရှိချုပ်)

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
FPB First Private Bank
No. 619~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

## ပထမပုဂ္ဂလိကဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
## ကြားဖြတ်အကျဉ်းချုပ်ငွေသားစီးဆင်းမှုရှင်းတမ်း(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၃၀ရက်နေ့အထိ)

| | ၃၀.၀၉.၂၀၂၅ (ကျပ်သန်း) | ၃၀.၀၉.၂၀၂၄ (ကျပ်သန်း) |
|---|---|---|
| စုစုပေါင်းဝင်ငွေ | ၂၀,၈၀၂.၉၅ | ၁၀,၄၀၇.၅၆ |
| စုစုပေါင်းအသုံးစရိတ် | (၁၄,၆၅၀.၄၈) | (၇,၆၆၈.၅၆) |
| | ၆,၁၅၂.၄၇ | ၂,၇၃၉.၀၀ |
| ချေးငွေနှင့် ရရန်ရှိငွေများ တိုးလာခြင်း/(လျော့နည်းခြင်း) | (၇,၆၆၄.၆၁) | (၂၅,၂၈၉.၃၅) |
| အပ်ငွေများ တိုးလာခြင်း/(လျော့နည်းခြင်း) | ၃,၄၂၅.၆၂ | (၁,၀၉၀.၅၆) |
| အပ်နှံငွေများ တိုးလာခြင်း/(လျော့နည်းခြင်း) | ၃၂,၅၅၂.၈၉ | ၃၀,၇၈၇.၄၇ |
| အခြားပေးရန်တာဝန်များ တိုးလာခြင်း/(လျော့နည်းခြင်း) | (၅၅၉.၆၉) | ၃,၃၅၆.၆၇ |
| **လုပ်ငန်းလည်ပတ်မှုမှ ရရှိသော ငွေသား** | ၃၃,၉၀၆.၆၈ | ၁၀,၅၀၃.၂၃ |
| ဝင်ငွေခွန်ပေးဆောင်မှု | (၁,၁၄၀.၀၈) | (၁,၂၈၇.၆၃) |
| **လုပ်ငန်းလည်ပတ်မှုမှ ရရှိသော အသားတင်ငွေသား** | ၃၂,၇၆၆.၆၀ | ၉,၂၁၅.၆၀ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ငွေသားစီးဆင်းမှု** | | |
| အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်း | - | ၇,၀၀၀.၀၀ |
| မြေ၊ အဆောက်အအုံနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်း | (၁,၇၅၆.၉၉) | (၅၇၀.၆၀) |
| မြေ၊ အဆောက်အအုံနှင့် စက်ပစ္စည်းများ ပြန်လည်ရောင်းချခြင်းမှ ရရှိငွေ | ၁၁၆.၁၀ | ၁၄,၆၉၁.၇၀ |
| ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အသုံးပြုသော အသားတင်ငွေသား | (၁,၆၄၀.၈၉) | ၂၁,၁၂၁.၁၀ |
| **ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများမှ ငွေသားစီးဆင်းမှု** | | |
| ငှားရမ်းခပေးချေမှု | (၁၉၈.၃၁) | (၅၅.၂၀) |
| **ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသော အသားတင်ငွေသား** | (၁၉၈.၃၁) | (၅၅.၂၀) |
| လက်ငင်းငွေသားနှင့် ဘဏ်လက်ကျန် အသားတင်တိုးလာခြင်း/(လျော့နည်းခြင်း) | ၃၀,၉၂၇.၄၀ | ၃၀,၂၈၁.၅၀ |
| ဧပြီလ ၁ ရက်နေ့ရှိ လက်ငင်းငွေသားနှင့် ဘဏ်လက်ကျန် | ၆၂,၅၇၈.၆၅ | ၅၂,၃၂၁.၉၉ |
| စက်တင်ဘာလ ၃၀ ရက်နေ့ရှိ လက်ငင်းငွေသားနှင့် ဘဏ်လက်ကျန် | ၉၃,၅၀၆.၀၅ | ၈၂,၆၀၃.၄၉ |

(ဘဏ္ဍာရေးအရာရှိချုပ်)    ( ဒုတိယအမှုဆောင်အရာရှိချုပ်)    ( အမှုဆောင်အရာရှိချုပ်)